စာချုပ်တော်အကြောင်း သိကောင်းစရာ



စာချုပ်တော်နိဒါန်း



အင်္ဂလန်နိုင်ငံပထမမြောက်ချားလ်စ်ဘုရင်လက်ထက်၊ ဘုရင့်ချေးငွေတွေ ပြန်မဆပ်နိုင်တဲ့ သူရဲကောင်း ငါးဦးကိုဘုရင့်အမိန့်နဲ့ ဖမ်းဆီးထားရာက မတရားဖမ်းဆီးချုပ်နှောင်ခြင်းမှ လွတ်ပေးရန် တရားလွှတ်တော်သို့ လျှောက်ထားတဲ့အခါ ဘုရင်က ပြန်လွှတ်ပေးခဲ့ပါတယ်။ အဲဒီလိုနဲ့ စာချုပ်တော် ပေါ်ပေါက်လာခြင်းပါ။

မြန်မာနိုင်ငံနဲ့စာချုပ်တော်



စာချုပ်တော်ထုတ်ဆင့်နိုင်တဲ့ အခွင့်အာဏာကို ၁၉၄၇ ခုနှစ်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေပုဒ်မ ၂၅ အရ တရားလွှတ်တော်ချုပ်သို့ အပ်နှင်းခဲ့ပြီး ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၉၆အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အပ်နှင်းထားပါတယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့သာစာချုပ်တော်အမိန့်ထုတ်ဆင့်ပေးဖို့လျှောက် ထားနိုင်ပါတယ်။

စာချုပ်တော်အမျိုးအစားများ

(၁) ရှေ့တော်သွင်းစာချုပ်တော်အမိန့်
(Writ of Habeas Corpus)

(၂) အာဏာပေးစာချုပ်တော်အမိန့်
(Writ of Mandamus)

(၃) တားမြစ်စေစာချုပ်တော်အမိန့်
(Writ of Prohibition)

(၄) အာဏာပိုင်မေးစာချုပ်တော်အမိန့်
(Writ of Quo Warranto)

(၅) အမှုခေါ်စာချုပ်တော်အမိန့်
(Writ of Certiorari)



စာချုပ်တော်ဘာကြောင့်လျှောက်ထားခွင့်ပြုတာလဲ

အုပ်ချုပ်ရေးအာဏာပိုင်တို့၏ တရားစီရင်ရေးသဘောဆန်သော လုပ်ဆောင်ချက် (Quasi Judicial Function) ကြောင့် ပြည်သူတစ်ဦး၏ ဥပဒေပါအခွင့်အရေး ထိခိုက်နစ်နာဆုံးရှုံးခဲ့ပါက တရားမျှတမှုရှိစေရန်အတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ထိန်းညှိကြီးကြပ်ပေးနိုင်ရန် ဖြစ်တယ်။

ဘယ်အခါမှာစာချုပ်တော်အမိန့်ထုတ်နိုင်သလဲ

(၁) အခွင့်အာဏာရှိသည်ထက်ကျော်လွန်၍ ပြုလုပ်ခြင်း၊
(၂) အခွင့်အာဏာမရှိဘဲပြုလုပ်ခြင်း၊
(၃) အခွင့်အာဏာဖြင့် ဆောင်ရွက်ပေးရန်ရှိသည်ကို ဆောင်ရွက်မပေးခြင်း၊
(၄) အမိန့်တစ်ရပ်သည် အပေါ်ယံကြောကြည့်ရုံဖြင့် ဥပဒေအရများယွင်းချွတ်ချော်နေခြင်း၊
(၅) သဘာဝတရားမျှတမှုနည်းဥပဒေများ(Rules of Natural Justice)နှင့်ဆန့်ကျင်သွေဖည်နေခြင်း

စသည့် အကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်လျှင် စာချုပ်တော်အမိန့်များ ထုတ်ဆင့်ပေးနိုင်ပါတယ်။

စာချုပ်တော်အမိန့်ကိုဘယ်လိုလျှောက်ထားရမလဲ



ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကထုတ်ပြန်ထားတဲ့ "**စာချုပ်တော်အမိန့်လျှောက်ထားမှုများဆိုင်ရာနည်းဥပဒေများ**"နှင့်အညီတင်သွင်းလျှောက်ထားရပါမယ်။

(၁)ထိခိုက်နစ်နာသူကပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့လျှောက်ထားရပါမယ်။

(၂) လျှောက်ထားသူအမည်၊လျှောက်ထားခံရသူပုဂ္ဂိုလ်သို့မဟုတ် အဖွဲ့အစည်း သို့မဟုတ် အစိုးရဌာန၏အမည်ပါရပါမယ်။

(၃) လျှောက်ထားလွှာပါအကြောင်းအရာနှင့်ဆီလျော်

တဲ့ "စာချုပ်တော်အမျိုးအစား"ကိုဖော်ပြရပါမယ်။
(ဥပမာ အမှုခေါ်စာချုပ်တော်၊တားမြစ်စေစာချုပ်တော်)

(၄) လျော်ကြေးသူက ဥပဒေနှင့်အညီ မိမိရထိုက်ခွင့်ရှိတဲ့ သက်သာခွင့် သို့မဟုတ် မိမိခံထိခိုက်နစ်နာဆုံးရှုံးမှုတို့ကို တိကျပြည့်စုံစွာ ရေးသားဖော်ပြရပါမယ်။

(၅) လျော်ကြွေးသွားနှင့်အတူကျမ်းကျိန်လွှာပါရပါမယ်။



ရုံးခွန်တံဆိပ်ခေါင်းထမ်းဆောင်ခြင်း

(၁) ထောင်တွင်းလျော်ကြေးလွှာကို ရုံးခွန်ထမ်းဆောင်ဖို့ မလိုပါ။

(၂) စာချုပ်တော်လျော်ကြေးလွှာမှန်သမျှ ရုံးခွန် ၅၀၀ ကျပ် ထမ်းဆောင်ရပါမယ်။

(၃) စာချုပ်တော်အတွက် ကျမ်းကျိန်လွှာမှာ အခွန်တံဆိပ်ခေါင်း ၁၅၀ ကျပ် ထမ်းဆောင်ရပါမယ်။

(၄) လျော်ကြေးခံရသူကိုဆင့်ခေါ်ဖို့ တစ်ဦးလျှင် ရုံးခွန်တော် ၄၀၀ ကျပ် ထမ်းဆောင်ရပါမယ်။

(၅) ပြစ်မှုဖြစ်ပါက ပြစ်မှုဆိုင်ရာ အထွေထွေလျော်ကြေးမှု(စာချုပ်တော်)၊ တရားမမှုဖြစ်ပါက တရားမအထွေထွေလျော်ကြေးမှု (စာချုပ်တော်) လျော်ကြေးရပါမယ်။

လျော်ကြေးတဲ့အခါသတိပြုစရာ



ဒီအချက်တွေလည်း ပြည့်စုံရပါမယ်။ မပြည့်စုံရင် စာချုပ်တော်လျော်ကြေးလွှာကိုလက်မခံငြင်းပယ်ခံရနိုင်ပါတယ်။

(၁) လျော်ကြေးလွှာနဲ့အတူကျမ်းကျိန်လွှာပါရှိရပါမယ်။

(၂) စာချုပ်တော်လျော်ကြေးရတဲ့အကြောင်းပြချက်အပြည့်အစုံကိုကျမ်းကျိန်လွှာမှာဖော်ပြရပါမယ်။

(၃) အဆိုပါအချက်များမှန်ကန်ကြောင်း ၀န်ခံကတိပြုချက်ပါရှိရပါမယ်။

(၄)လျော်ကြေးလွှာနဲ့အတူမိမိအားထိခိုက်နစ်နာစေသည့် အမိန့်၊ ဆုံးဖြတ်ချက်များနှင့် အခြားလိုအပ်သောစာမှတ်စာတမ်းမိတ္တူများ ပြည့်ပြည့်စုံစုံ ပါရှိရပါမယ်။

ဖော်ပြပါအချက်အလက်တစ်ခုခု မပြည့်စုံတဲ့အတွက် ငြင်းပယ်ခြင်းခံရတဲ့ စာချုပ်တော်လျော်ကြေးမှုတွေများစွာရှိခဲ့ပါတယ်။ ဒါကြောင့်သေသေချာချာသတိပြုဖို့လိုပါတယ်။

စာချုပ်တော်အမှုများကိုကြားနာဆုံးဖြတ်ခြင်း

ကနဦးစစ်ကြားနာခြင်းနဲ့ အပြီးသတ်ကြားနာဆုံးဖြတ်ခြင်း ဆိုတဲ့ အဆင့်နှစ်ဆင့်ရှိပါတယ်။

(၁) ပြည့်စုံမှုရှိတဲ့ စာချုပ်တော်လျော်ကြေးမှုကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ၃ ဦးပါ၀င်တဲ့ **"ကနဦးကြားနာဆုံးဖြတ်ရေးအဖွဲ့"**က လျော်ကြေးသူကိုဆင့်ခေါ်ကြားနာပါမယ်။

(၂) လျော်ကြေးကို လက်ခံခြင်းပြုမပြု အမိန့်ချမှတ်ပါမယ်။

(၃) ကနဦးကြားနာဆုံးဖြတ်ရေးအဖွဲ့ကလက်ခံခဲ့ရင် လျော်ကြေးခံရသူကိုဆင့်ခေါ်ပါမယ်။

(၄) လျော်ကြေးခံရသူက စာချုပ်တော်အမိန့်ကို အဘယ်ကြောင့်ထုတ်မပေးသင့်ကြောင်းရှင်းလင်းဖော်ပြထားသည့်ပြန်ကြားအစီရင်ခံစာနှင့်ပြန်လှန်ကျမ်းကျိန်လွှာတင်သွင်းရပါမယ်။
(လိုအပ်တဲ့ စာရွက်စာတမ်းအထောက်အထားများ တစ်ပါတည်းတင်သွင်းဖို့လည်းလိုပါတယ်)

(၅) လျော်ကြေးသူက ချေပကျမ်းကျိန်လွှာ တင်နိုင်ပါတယ်။

(၆) အဲဒီအချက်တွေ ပြည့်စုံတဲ့အခါ ပြည်ထောင်စုတရားသူကြီးချုပ် သဘာပတိအဖြစ် ပါ၀င်တဲ့ **"အပြီးသတ်ကြားနာဆုံးဖြတ်ရေးအဖွဲ့"** က လျော်ကြေးသူနဲ့ လျော်ကြေးခံရသူတို့ကို နှစ်ဦးနှစ်ဖက်ကြားနာစစ်ပြီး အမိန့်ချမှတ်ပါမယ်။

အထူးသတိပြုရမယ့်အချက်(၂)ချက်

အမှုခေါ် စာချုပ်တော်အမိန့်နဲ့တားမြစ်စေစာချုပ်တော်အမိန့်တို့ကို လျော်ကြေးသွားတင်သွင်းဖို့ အကြောင်းပေါ်ပေါက်တဲ့နေ့မှ ၂ နှစ်အတွင်း တင်သွင်းလျော်ကြေးထား ဖို့လိုအပ်ပါတယ်။

စာချုပ်တော်လျော်ကြေးထားမှုကိုချမှတ်တဲ့အမိန့်အပေါ် အယူခံမှု၊ ပြင်ဆင်မှုတင်သွင်းခွင့်မရှိပါ။နောက်ထပ် စာချုပ်တော်လျော်ကြေးထားခွင့်လည်းမရှိပါ။

ဒါတွေလည်းအသေးစိတ်သိဖို့လို



အမှုသည်များ မနစ်နာစေရေးအတွက် အသေးစိတ်ပြဋ္ဌာန်းချက်များကိုသိရှိဖို့လိုအပ်ပါတယ်။သိရှိနားလည်ဖို့ရာ ဒီဥပဒေနှစ်ခုကို မလွဲမသွေလေ့လာသင့်ပါတယ်။

(၁)၂၀၁၇ခုနှစ်၊စာချုပ်တော်အမိန့်လျော်ကြေးထားမှုဆိုင်ရာဥပဒေ (၂၀၁၇ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၄)

(၂) စာချုပ်တော်အမိန့်လျော်ကြေးထားမှုများဆိုင်ရာ နည်းဥပဒေများ